# Highlights from DVB Debate's Public Transportation Show

## September 3, 2016

## "How to speed up Public Transport?"

"လုပ်ဆောင်ရတဲ့ တာဝန်နဲ့ ယာဉ်ထိန်း အရေအတွက် မနိုင်တာပေါ့။ ရန်ကုန်မှာဆို ယာဉ်ထိန်းရဲတဦးကို ကားအစီးရေ ၆၀၀ တာဝန်ယူနေရတယ်။"

ရဲမှူးသန်းမြင့် - ဒုတပ်ဖွဲ့ခွဲမှူး၊ အမှတ် ၆ ယာဉ်ထိန်းရဲတပ်ဖွဲ့

---

"ဘတ်စ်ကားတွေမှာ ပုတ်ပြုတ်စနစ်နဲ့ အငှားချ ဆွဲယူတဲ့စနစ်ဟာ လုံးဝမှားယွင်းနေတယ်။ ကျနော်တို့က bus reform လုပ်ရမယ်၊ ယာဉ်မောင်းတွေ ယာဉ်နောက်လိုက်တွေဟာ လခစားဖြစ်ရမယ်၊ သူ့တာဝန်သူကျေရမယ် ဆိုတာမျိုး ဖြစ်နေရမယ်"

ဦးသန်းဝင်း - တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့

---

"ရေကြောင်းဘက်ကနေ ရန်ကုန်ရဲ့ ယာဉ်ကြောကျပ်တည်းတာကို ဖြေရှင်းဖို့ဆိုတာမှာ ရန်ကုန်မြစ်ရဲ့ ရေစီးနှုန်းရဲ့ ၄ မိုင် ၆ မိုင်ထက် မြန်တဲ့ speed ဘုတ်နဲ့ပြေးဆွဲသင့်တယ်"

ဦးဘိုစိုး - လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

---

"ယာဉ်ထိန်းရဲများများလိုနေတာက ဘာကိုပြနေလဲဆိုတော့ ယာဉ်ကြောကျပ်တည်းမှုကို စီမံခန့်ခွဲဖို့အတွက် နည်းပညာသုံးတဲ့စနစ်တွေ မရှိတာ အားနည်းတာကို ပြနေတယ် "

ဦးကိုကို(စက်မှုတက္ကသိုလ်) - သတင်းစာဆရာ

---

"ဘတ်စ်ကားတွေဟာ ပုတ်ပြုတ်စနစ်နဲ့ဖြစ်နေတော့ သူ့ထက်ငါ ဝင်ငွေ ပိုရအောင် ယာဉ်မောင်းတွေ ယာဉ်နောက်လိုက်တွေဟာ စည်းကမ်းဖောက်ဖို့ မီးနီဖြတ်ဖို့ ဝန်မလေးဘူး၊ လုမောင်းတယ်။ ဒီစနစ်ကို ပြောင်းလဲပြီး အများပိုင်စနစ် လုပ်ရမယ်။ လုပ်တဲ့အခါလည်း အစိုးရက ရှုံးတာ၊ မြတ်တာကို တာဝန်ယူသင့်တယ်လို့ မြင်တယ်"

ရဲမှူးသန်းမြင့် - ဒုတပ်ဖွဲ့ခွဲမှူး၊ အမှတ် ၆ ယာဉ်ထိန်းရဲတပ်ဖွဲ့

---

"ရန်ကုန်မှာလိုအပ်တာက BRT စနစ်ထက် များများတင် မြန်မြန်ပို့နိုင်တဲ့ စနစ် MRT လိုတယ်။ တန်ဖိုးမဖြတ်နိုင်တဲ့ မြို့ပတ်ရထားရှိတယ် ဒါပေမယ့် ရထားဘူတာနဲ့ ဘတ်စ်ကားနဲ့ ဆက်စပ်တဲ့ integration စနစ်တွေ မရှိဘူး။"

ဦးသန်းဝင်း - တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့

---

"ယာဉ်ပိုင်ရှင်တွေကလေ ယာဉ်နဲ့ရှင်းပြီးကို အများပိုင်စနစ်လုပ်တာတွေမှာ ပါဝင်ချင်ပါတယ် ဒါပေမယ့် စလွဲတာက ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ အစားထိုး ယာဉ်အနေနဲ့ ဟိုင်းလတ်ကားတွေ စသွင်းခိုင်းတော့ ကျနော်တို့က ၂၀၀၁-၀၂ မော်ဒယ်တွေ သွင်းတယ်၊ ဝယ်ထားတောင် မကြာသေးဘူး အခုလုပ်မယ့် စနစ်ထဲမှာ ၂၀၀၆ မော်ဒယ်တွေပဲပါရမယ်ဆိုတော့ ကျနော်တို့က သွားပြီပေါ့ဗျာ. ကားဘီးဖိုးတောင် အကြွေးတောင် မကျေသေးဘူး"

ဦးကိုကိုနိုင် - ၃၁ ယာဉ်လိုင်းပိုင်ရှင်တဦး

"ယာဉ်ပိုင်ရှင်တွေရဲ့ ခံစားချက်ကို နားလည်ပါတယ်။ ယာဉ်မောင်းတွေဟာ ကားကို လုမောင်းကြတယ်၊ ကားတအားသုံးကြတယ်၊ ပစ်စလတ်ခတ်သုံးကြတယ်။ ကားကြံ့ခိုင်မှုတွေပါ ထည့်သွင်းစဉ်းစားလို့ ၂၀၀၆ မော်ဒယ်ဆိုပြီး စံ တခုချမှတ်လိုက်တာပါ"

ဦးသန်းဝင်း - တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့

---

"ကျနော်တခု အကြံပြုချင်တာက ၂၀၀၆ မော်ဒယ်ကိုပဲ စံသတ်မှတ်လည်း ကားက မကောင်းရင် ပျက်မှာပဲ။ မော်ဒယ်နဲ့ မသတ်မှတ်ဘဲ ကြံ့ခိုင်မှုစံနဲ့ပဲ သတ်မှတ်ပြီး လုပ်လိုက်ရင် အဆင်ပြေမယ်ထင်တယ်"

ဦးကိုကို(စက်မှုတက္ကသိုလ်) - သတင်းစာဆရာ

---

"ကျနော်ထောက်ပြချင်တာက ကျောင်းကား သတ်မှတ်ပေးဖို့ပေါ့ ပိုက်ဆံရှိတဲ့ကလေးလည်း ကျောင်းကားပဲစီးရမယ် ကိုယ်ပိုင်ကားစီးမယ့်အစားပေါ့၊ နောက် ရုံးဆိုလဲ ရုံးကားတွေပဲ စီးကြဖို့ လူထုကို အသိပညာပေးရမယ်"

ကိုအောင်ဖြိုး - ပရိသတ်

---

"ငွေကုန်ကြေးကျမများဘဲ ဖြေရှင်းလို့ရတဲ့ စနစ်တွေရှိတယ်ဗျ။ လမ်းဘေးဈေးသည်တွေ လမ်းပေါ်တက်ရောင်းနေတာ၊ ဘတ်စ်ကားတွေ လမ်းပေါ်ရပ်တာ။ နောက်တခုက မြန်မာပြည်မှာ

နေရာတိုင်းမှာ လမ်းကူးလို့ရနေတယ် ကားမောင်းတဲ့သူက နေရာတိုင်းမှာ လူထွက်လာမှာကို သတိထားပြီးကို မောင်းနေရတာ။ နေရာတိုင်းမှာလည်း ဂ ငယ်ကွေ့ ကွေ့လို့ရနေတာတွေ ဒါတွေကို အရင်ဖြေရှင်းပါလားလို့ ပြောချင်တယ်"

ဦးမျိုးဇင်ဂင်း - မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းရှင်များအသင်း

---

"ရေကြောင်းကနေ ကုန်သွယ်မှုမြင့်မားလာမှ ဆိပ်ကမ်းတိုးတက်လာမယ်။ ရန်ကုန် ဆိပ်ကမ်းကနေဖြတ်ပြီး ကုန်စည်စီးဆင်းမယ့် ကုန်သွယ်မှုမြှင့်နိုင်ရင် အခွန်ငွေတွေလဲရမယ်"

ဦးဘိုစိုး - လက်ထောက်အထွေထွေမန်နေဂျာ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

---